YOMA STRATEGIC HOLDINGS LTD. FMI YOMA GROUP YOMA PEOPLE 2020

# Yoma Bulletin

## ရိုးမ သတင်းစဉ် Group Bi-weekly highlights

HEADLINES

## Partial Salary Payments Via Wave Money

The Covid-19 pandemic has accelerated the move to a cashless society with many retailers and F&B outlets transforming and moving into digital payments to increase health and safety of their customers and staff. Below are some features that may benefit your lifestyle.

1. You can top up or pay your bills
2. You can shop on Wave
3. You can explore new lifestyle options on Wave such as purchasing online gaming etc.

At Yoma Group, we have started the process of transitioning in phases the partial payment of your salary to your Wave Money account so that you can benefit from the usage of digital money. Some of you may already have part of your salary from August paid into your Wave Money account, and we will continue the transition for the rest of the Group.

When your salary is paid to your Wave Money account:

1. You can digitally transfer from your Wave money to your Yoma Bank Smart Account
2. You can cash out your closest Wave Agent nationwide

If you have any questions, please contact askHR@yoma.com.mm for more information.


## လစာ၏အနည်းငယ်ပမာဏကို

## Wave Money အကောင့်သို့ထည့်သွင်းပေးခြင်း

Covid-19 ကပ်ရောဂါကြောင့် လက်လီအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များသည် ၎င်းတို့၏ ဖောက်သည်များနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို ပြောင်းလဲအသုံးပြုလာသောကြောင့် ငွေသားမဲ့ပေးချေမှုစနစ်ကို အရှိန်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အောက်ဖော်ပြပါလုပ်ဆောင်ချက်များသည် မိမိတို့၏လူနေမှုဘဝကို အကျိုးပြုစေနိုင်မှာ ဖြစ်ပါတယ်။

၁။ ဘေလ်ဖြည့်သွင်းခြင်းများနှင့် ဘေလ်ရှင်းခြင်းများကို ပြုလုပ်နိုင်ခြင်း
၂။ Wave ဖြင့် စျေးဝယ်ထွက်နိုင်ခြင်း
၃။ Wave ဖြင့် အွန်လိုင်းမှ ငွေပေးချေခြင်းများ (ဥပမာ ဂိမ်းပက်ကေ့ချ်ဝယ်ယူခြင်းများ) ကို ပြုလုပ်နိုင်သဖြင့် လူနေမှုဘဝပုံစံအသစ်တစ်ခုကို ဖန်တီးနိုင်ခြင်း

ရိုးမလုပ်ငန်းစုတွင် ဝန်ထမ်းများအား ဒစ်ဂျစ်တယ်ငွေပေးချေမှု၏ အကျိုးခံစားခွင့်များကို ရရှိစေလိုသဖြင့် လစာပမာဏအချို့ကို Wave Money အကောင့်သို့ ထည့်သွင်းပေး



ခြင်းကို စတင်ခဲ့ပြီးဖြစ်ပါတယ်။ အချို့ဝန်ထမ်းများသည် ဩဂုတ်လ၏ လစာပမာဏအချို့ကို Wave Money မှ လက်ခံရရှိခဲ့ပြီး ဖြစ်သည့်အတွက် လုပ်ငန်းစုအတွင်း ကျန်ရှိနေသေးသည့် ဝန်ထမ်းများအတွက်လည်း ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

မိမိတို့၏ လစာများကို Wave Money မှ လက်ခံရရှိသည့်အတွက်

၁။ Wave Money မှ ရိုးမဘဏ် Smart အကောင့်သို့ အွန်လိုင်းမှ လွှဲပြောင်းပေးနိုင်ခြင်း
၂။ နီးစပ်ရာ Wave Money အေးဂျင့်မှတစ်ဆင့် ငွေသားပြန်ထုတ်ယူနိုင်ခြင်း

အခြားမေးမြန်းလိုသည်များရှိပါက askHR@yoma.com.mm ထံ အီးမေလ်းပေးပို့မေးမြန်းနိုင်ပါတယ်။

### YOMA RECRUITMENT

Here are some "Hot Roles" at Yoma this week:

ရိုးမတွင် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ဝန်ထမ်းလိုအပ်လျက်ရှိပါတယ်။

1. Associate (Business Development)
2. Executive Assistant
3. Data Analyst (Sustainability)
4. Head of Branding & Communications
5. Finance Business Partner

*For more job vacancies, click here.*

HR ANNOUNCEMENTS

# Checking the Pulse of Covid-19 in Myanmar

Compared to the rest of the world, the number of Covid-19 infection in Myanmar is considered low. However, we need to continue to be vigilant and continue to adhere to the health and safety measures such as social distancing, handwashing, and wearing of mask at crowded places. We have seen how waves of outbreaks can happen if we let our guard down as we now see the 2nd and 3rd outbreaks in some countries.

At Yoma, we have a Yoma Covid-19 Command Center (CCC) set up to review the global situation of Covid in relation to Myanmar. CCC's goal is to keep our policies related to Covid-19 updated and assess the impact these measures would have on our employees. Set up during Covid-19 outbreak earlier this year, this committee is headed by our CEO Melvyn Pun, alongside with key executives including our health expert Dr. Gershu, CEO of Pun Hlaing Siloam Hospital. The CCC continues to meet on a weekly basis to ensure the Group has its pulse on Covid-19 in Myanmar and the impact on our staff.

## မြန်မာနိုင်ငံ၏ Covid-19 အခြေအနေ

ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ Covid-19 ကူးစက်ပြန့်ပွားမှုနှုန်းမှာ နည်းနေသေးသော်လည်း ကျွန်ုပ်တို့အနေဖြင့် သတိထားစောင့်ကြည့်ရန်လိုအပ်ပြီး ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စည်းမျဉ်းများဖြစ်သည့် အချင်းချင်းခပ်ခွာခွာနေခြင်း၊ လက်ဆေးခြင်းနှင့် လူထူထပ်ရာနေရာတွင် နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ အချို့နိုင်ငံများရှိ ဒုတိယနှင့် တတိယအကြိမ် ရောဂါကူးစက်ခြင်းများ ထပ်မံဖြစ်ပွားခြင်းတို့ကိုကြည့်ပြီး မိမိတို့ သတိမမူ ပေါ့ဆလိုက်သည်နှင့် အကြီးစားကူးစက်ပြန့်ပွားခြင်းများ ထပ်မံဖြစ်ပွားလာနိုင်သည်ကို သိရှိနိုင်ပါတယ်။

ရိုးမတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာရှိ Covid အခြေအနေကို စောင့်ကြည့်မည့် Yoma Covid-19 Command Center (CCC) ကို ဖွဲ့စည်းထားပါတယ်။ CCC ၏ ရည်ရွယ်ချက်မှာ Covid-19 နှင့် ပတ်သက်သည့် မူဝါဒများကို ဆက်လက်ကျင့်သုံးစေရန်နှင့် ဝန်ထမ်းများအပေါ် အဆိုပါမူဝါဒများ၏ အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်ရန် ဖြစ်ပါတယ်။ အဆိုပါအဖွဲ့ကို ယခုနှစ်ဦးပိုင်း Covid-19 စတင်ဖြစ်ပွားချိန်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူများဖြစ်သည့် ပန်းလှိုင်စီလုံဆေးရုံ၏ CEO ဖြစ်သူ Dr. Gershu လည်း ပါဝင်ပါတယ်။ CCC အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ Covid-19 အခြေအနေများကို လေ့လာသိရှိရန်နှင့် ဝန်ထမ်းများအပေါ် ကျရောက်သည့် အကျိုးသက်ရောက်မှုများအတွက် အပတ်စဉ်တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။

# Last chance to get your free Flu Vaccination

The Group has successfully provided more than 3,000 free vaccinations for our employees. There are a small number of employees who have yet to get their flu vaccination. Please contact askHR@yoma.com.mm for more details.

## တုပ်ကွေးကာကွယ်ဆေးထိုးနိုင်မည့် နောက်ဆုံးအခွင့်အရေး

လုပ်ငန်းစုအနေဖြင့် ဝန်ထမ်းပေါင်း ၃,၀၀၀ ကျော်ကို တုပ်ကွေးကာကွယ်ဆေး အခမဲ့ ထိုးပေးပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးသေးရသည့် ဝန်ထမ်းအနည်းစုရှိသဖြင့် အဆိုပါဝန်ထမ်းများသည် askHR@yoma.com.mm ထံ ဆက်သွယ်၍ အသေးစိတ် မေးမြန်းနိုင်ပါတယ်။

# Updates on International Travel Policy

The Yangon International Airport continues to be closed to commercial flights. However, the Myanmar government is now allowing some foreigners working in Myanmar to enter the country and return on relief flights.

Group HR is working to assist our employees and their families who are stuck outside of the country. If you are currently out of the country and require assistance to return to Myanmar, please contact HR. The Group will assist in writing a recommendation letter to the MOHS and will work with you to get you or your family back. If anyone is seeking international travel support please contact askHR@yoma.com.mm

## ပြည်ပခရီးသွားမူဝါဒ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လေယာဉ်ဆိုက်ရောက်မှုများအတွက် ဆက်လက်ပိတ်ပင်ထားဆဲဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာရန်ကို မြန်မာအစိုးရမှ ခွင့်ပြုထားပါတယ်။

Group HR အနေဖြင့် နိုင်ငံရပ်ခြားမှ ပြန်လာရန်အခက်အခဲဖြစ်နေသည့် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများကို ကူညီပေးလျက်ရှိပါတယ်။ အခြားနိုင်ငံတွင် ရောက်ရှိနေသူများ မြန်မာနိုင်ငံသို့ပြန်လာရန် အကူအညီလိုပါက HR ထံ ဆက်သွယ်နိုင်ပါတယ်။ လုပ်ငန်းစုမှ သင်နှင့်သင့်မိသားစု ပြန်လာနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) ထံ ထောက်ခံစာရေးသားပေးပို့မှာ ဖြစ်ပါတယ်။ ပြည်ပခရီးသွားလိုသူများ အကူအညီလိုအပ်ပါက askHR@yoma.com.mm ထံ ဆက်သွယ်နိုင်ပါတယ်။

# Digitalising Human Resource Info System (HRIS)

From 1st August onwards, all employees who have worked overtime must claim them on Yoma Connect. Managers will need to approve all overtime requests like approving leave applications. If you have any questions, please contact askHR@yoma.com.mm.

Coming up: Managers will soon be able to complete the following HR procedures on Yoma Connect:
Probation • Promotion • Internal Transfer • Salary Adjustments

YOMA CONNECT

ဩဂုတ်လ ၁ ရက်နေ့မှ စတင်ကာ ဝန်ထမ်းများအားလုံးသည် အချိန်ပိုဆင်းမှုများအတွက် Yoma Connect တွင် လျှောက်ထားရမှာ ဖြစ်ပါတယ်။ ခွင့်ရက်လျှောက်ထားသကဲ့သို့ပင် အချိန်ပို ဆင်းခြင်းအတွက် လျှောက်ထားမှုများကို မန်နေဂျာများသည် Yoma Connect မှ အတည်ပြုပေးရမှာ ဖြစ်ပါတယ်။ အခြားမေးမြန်းလိုသည်များနှင့် သင်တန်းပို့ချမှုများထပ်မံ လိုအပ်ပါက askHR@yoma.com.mm ထံ ဆက်သွယ်မေးမြန်း နိုင်ပါတယ်။

မန်နေဂျာများသည် အောက်ဖော်ပြပါ လုပ်ငန်းဆောင်တာများကို မကြာမီတွင် Yoma Connect မှ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

စမ်းသပ်ခံကာလပြီးဆုံးခြင်း • ရာထူးတိုးမြှင့်ခြင်း • ဌာနပြောင်းခြင်း • လစာညှိနှိုင်းခြင်း

PEOPLE2020

# New Yoma Orientation


**What is Orientation and why did Yoma Revised its Group orientation program?**

When you first join any new company, an orientation would be organised to help you understand more of the company that you are working for, the history, its mission and values. It is also an opportunity to be introduced to your teammates.

During the Covid-19 period, our Group orientation was paused and the HR team had to revisit how they conduct orientation and how to improve the program.

မည်သည့်ကုမ္ပဏီတွင်မဆို အလုပ်စတင်ဝင်ရောက်ပါက ထိုကုမ္ပဏီ၏ သမိုင်း၊ ရည်မှန်းချက်နှင့် အမြုတေတန်ဖိုးများကို သိရှိနားလည်လာစေရန် Orientation အစီအစဉ်များကို ပြုလုပ်ပေးပါတယ်။ မိမိ၏ အဖွဲ့သားများနှင့် အချင်းချင်း မိတ်ဆက်ပေးနိုင်သည့် အခွင့်ကောင်းလည်း ဖြစ်ပါတယ်။

Covid-19ဖြစ်နေချိန်တွင် ကျွန်ုပ်တို့လုပ်ငန်းစု၏ Orientation အစီအစဉ်များကို ရပ်တန့်ထားခဲ့ရပြီး HR အဖွဲ့အနေနှင့် Orientation အစီအစဉ်ကို ပိုမိုကောင်းမွန်လာအောင် ပြန်လည် လေ့လာသုံးသပ်ခဲ့ပါတယ်။




Through our Employee Satisfaction Survey, only 65% of our staff felt they had benefited from the orientation program. As a result, the HR team is working to improve the program. We believe that your experience on your first day with the Group is just as important as our commitment to your long-term professional development at Yoma.

ကျွန်ုပ်တို့၏ ဝန်ထမ်းများ စိတ်ကျေနပ်မှုစစ်တမ်း၏ ရလဒ်များအရ ဝန်ထမ်းစု၏ ၆၅% ခန့်သာ Orientation အစီအစဉ်ကြောင့် အကျိုးကျေးဇူးများ ရရှိခဲ့ကြပါတယ်။ ထို့ကြောင့် HR အဖွဲ့မှ ထိုအစီအစဉ်ကို ပိုကောင်းလာအောင် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဝန်ထမ်းများ၏ အလုပ်စတက်သည့်နေ့ရက်များ၏ အတွေ့အကြုံများနှင့် Orientation များသည် ရေရှည်အလုပ်အကိုင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့ပင် အရေးကြီးသည်ကို ကျွန်ုပ်တို့မှ လက်ခံယုံကြည်ပါတယ်။




1. **Aung Kyaw Tun** | *Talent Development Team Group HR*
2. **Martin Appel** | *Group Head, Human Resources Group HR*
3. **Hein Htet Aung** | *Learning and Development Manager, Memories Group*
4. **Minn Htet Khine** | *Operations and Development Manager, Yoma F&B*
5. **Sarah Fish** | *Yoma Performance Development Center, Yoma Bank*
6. **Kelly Moe Pwint Lwin** | *Head of Brand and Communications, Wave Money*
7. **Benjamin Koo** | *CEO, Financial Services*
8. **Valentina Lwin Bailey** | *HR Director, Yoma Land*
9. **Kimy Win** | *Financial Controller Yoma Motors (Commercial)*
10. **Honey Aye** | *Marketing and Business Development Manager, Yoma Motors (YHE)*
11. **Dr. Zaw Win Sandy** | *Chief Operating Officer (PHSH) Emerging Healthcare, Yoma Healthway*
12. **Aung Pi Htet** | *Corporate Governance & Compliance Manager, Yoma Group*
13. **Phyo Thet Khine @ Chase** | *Senior IT Solutions Manager, Group Technology*
14. **Po Po Minn** | *Sustainability Manager, Yoma Group*

## The Yoma Culture

Our new orientation program for new employees will focus on our Yoma Culture. Throughout the day of orientation, we will focus on the foundation of our corporate mission, our values such as Respect, Integrity, Innovation and Teamwork. It is important for new staff to understand and appreciate the importance of our mission and values.

ကျွန်ုပ်တို့မှ ဝန်ထမ်းများအတွက်ထားရှိသည့် Orientation အစီအစဉ်အသစ်ကို ရိုးမ၏ယဉ်ကျေးမှုအပေါ် အဓိက အလေးထားရေးဆွဲထားပါတယ်။ Orientation လုပ်သည့် တစ်နေ့တာတွင် ကျွန်ုပ်တို့ လုပ်ငန်းစု၏ မျှော်မှန်းချက်၊ အမြုတေတန်ဖိုးများဖြစ်သည့် လေးစားခြင်း၊ သမာဓိရှိခြင်း၊ တီထွင်ကြံဆခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ အခြေခံအုတ်မြစ် သဘောတရားများအပေါ် နားလည်လာအောင် အဓိကထားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအသစ်များအနေဖြင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်များနှင့် အမြုတေတန်ဖိုးများကို နားလည်လာပြီး တန်ဖိုးထားတက်ရန်မှာ အလွန်အရေးကြီးပါတယ်။

## Social Distancing Style

In the conduct of the orientation program, we will be following all social distancing rules. This includes measuring of body temperature upon entering training rooms, special seating arrangements and we will also be providing masks and hand sanitisers.

Orientation အစီအစဉ်များ ပြုလုပ်ရာတွင် အချင်းချင်းခပ်ခွာခွာနေရမည့် စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုစည်းမျဉ်းများတွင် အခန်းတွင်း ဝင်ရောက်သည်နှင့် ကိုယ်ပူချိန်တိုင်းခြင်း၊ နေရာထိုင်ခင်းများကို အထူးစီမံထားခြင်းတို့အပြင် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကိုလည်း ထားရှိသွားမှာ ဖြစ်ပါတယ်။

## Meet the Yoma People

Despite their busy schedules, more then 10 key representatives from selected entities will meet our new staff to explain each of their business sectors. We aim to creating a casual, informative as well as conversational style sessions which will further enforce our Yoma Culture where people are the core of our focus.

လုပ်ငန်းဌာနခွဲများရှိ ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၁၀ ယောက်ကျော်သည် အလုပ်မအားသည့်တိုင် ကျွန်ုပ်တို့၏ ဝန်ထမ်းအသစ်များနှင့် တွေ့ဆုံပြီး ၎င်းတို့လုပ်ငန်းဌာနခွဲ၏ စီးပွားရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဝန်ထမ်းများသည် ရိုးမယဉ်ကျေးမှု၏ အဓိကမဏ္ဍိုင်ဖြစ်သည့်အတွက် အချင်းချင်း ပေါ့ပါးလွတ်လပ်စွာ မေးမြန်းပြောဆိုနိုင်စေရန်နှင့် သတင်းအချက်အလက်များ ပြည့်စုံစွာသိရှိနိုင်စေရန် စီစဉ်ထားရှိပါတယ်။




### In the pipeline:

- Maternity Benefits
- Yoma Eats
- Yoma Subu
- Gender Equality
- Yoma Study Bursary
- Housing Assistance

### Implementing in progress:

- Yoma Employee Perks
- Better Transportation
- Better Internal Communication
- Yoma Social Club
- New Yoma Orientation

# ENTITIES HIGHLIGHTS

## Good Example @ Pun Hlaing Estate



Starting in June, Pun Hlaing Estate management team has been organising biweekly BBQ get-togethers with team members. We would like to congratulate the team in fostering a closer relationship between management and team members. We encourage all our entity to focus on our people and congratulate who has gone beyond and above their duties to help their entities to achieve overall success.

ဇွန်လမှစတင်၍ ပန်းလှိုင်အိမ်ရာ၏ စီမံခန့်ခွဲမှုအဖွဲ့မှဝန်ထမ်းများ မိမိတို့အဖွဲ့သားများနှင့် တွေ့ဆုံနိုင်စေရန် BBQ အစီအစဉ်ကို နှစ်ပတ်တစ်ကြိမ် ပြုလုပ်သွားဖို့ စီစဉ်ထားရှိပါတယ်။ စီမံခန့်ခွဲမှုနှင့်အဖွဲ့ဝင် ဝန်ထမ်းများအချင်းချင်းပိုမိုရင်းနှီးလာစေရန် ပြုလုပ်ပေးသည့် အဖွဲ့သားများကိုယ်စား ဂုဏ်ယူမိပါတယ်။ လုပ်ငန်းဌာနခွဲများအားလုံး မိမိတို့၏ ဝန်ထမ်းများအပေါ် အာရုံစိုက်ပေးရန် ကျွန်ုပ်တို့မှ တိုက်တွန်းလိုပြီး ဌာနခွဲများအောင်မြင်မှု ရရှိလာအောင် တာဝန်ဝတ္တရားကို ကျော်လွန်၍ လုပ်ဆောင်ပေးခဲ့သူများအတွက်လည်း ဂုဏ်ယူမိပါတယ်။

## This week is World Breastfeeding Week.



Breastfeeding provides every child with the best possible start in life. It delivers health, nutritional and emotional benefits to both children and mothers. And it forms part of a sustainable food system. But while breastfeeding is a natural process, it is not always easy. Mothers need support – both to get started and to sustain breastfeeding.

To "Support Breastfeeding For A Healthier Myanmar", Yoma Group has initiated Lactation Rooms so that our new mothers can continue to breastfeed while they return to work. This is an initiative of our Yoma Diversity Council; a team that meets regularly to discuss and implement ideas that promotes diversity and inclusion throughout the Group.

In our next issue, we will share more about the Group's maternity benefits.

မိခင်နို့ချိုတိုက်ကျွေးခြင်းသည် ရင်သွေးငယ်လေးများအားလုံးရဲ့ ဘဝအတွက် အကောင်းဆုံး အစပျိုးခြင်းပင် ဖြစ်ပါတယ်။ မိခင်၏နို့ရည်သည် ရင်သွေးငယ်များအား ကျန်းမာစေရုံသာမက အာဟာရဓါတ်ပြည့်ဝစေသည့်အပြင် မိခင်ရောကလေးငယ်အတွက်ပါ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေပါတယ်။ သဘာဝအလျောက် မိခင်နို့ရည်တိုက်ကျွေးရခြင်းသည် လွယ်ကူလှသည်တော့ မဟုတ်ပါ။ မိခင်များအနေဖြင့် ရင်သွေးငယ်များအား နို့ချိုစတင်တိုက်ကျွေးချိန်မှစ၍ ရေရှည်ဆက်လက် တိုက်ကျွေးနိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ လိုအပ်ပါတယ်။

"မိခင်နို့တိုက်ကျွေးခြင်းဖြင့် ပိုမိုကျန်းမာသော မြန်မာပြည်ဆီသို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ရိုးမလုပ်ငန်းစုသည် သားဖွားခွင့်ပြီး၍ လုပ်ငန်းခွင် ပြန်ရောက်လာသည့် မိခင်များ ၎င်းတို့၏ရင်သွေးငယ်များကို နို့ချိုဆက်လက်တိုက်ကျွေးနိုင်ရန် နို့ရည်စုဆောင်းသိမ်းထားနိုင်မည့် အခန်းများကို စီစဉ်ထားရှိပေးထားပါတယ်။ ကျွန်ုပ်တို့၏ Yoma Diversity ကောင်စီ၏ ဦးဆောင်မှုဖြင့် အဖွဲ့သားများသည် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး လုပ်ငန်းစုအတွင်း ဝန်ထမ်းတိုင်းအတွက် လိုအပ်သည့် လှုပ်ရှားမှုအစီအစဉ်များကို ပြုလုပ်ပေးလျက်ရှိပါတယ်။

လုပ်ငန်းစု၏ သားဖွားအကျိုးခံစားခွင့်များနှင့် ပတ်သက်၍ နောင်ထုတ်ပြန်မည့် Yoma Bulletin တွင် ဆက်လက်ဖော်ပြသွားမှာ ဖြစ်ပါတယ်။

## Good Deals @ Memories Group

Looking to get out of Yangon for the weekends? Travel local with Memories Group with exceptional deals.

ပိတ်ရက်တွေမှာ ရန်ကုန်မြို့ရဲ့ အဝေးတစ်နေရာကိုသွားဖို့ စိတ်ကူးနေတယ်ဆိုရင်တော့ အရမ်းတန်တဲ့ ပရိုမိုးရှင်းတွေပေးနေသော Memories Group နှင့် ခရီးထွက်လိုက်ကြရအောင်။




## Good Food @ Yoma F&B

Come check out our new Auntie Anne's outlet at Myanmar Plaza and enjoy special Yoma Employee discounts at our listed F&B outlets by showing your employee ID or Yoma Connect.

မြန်မာပလာဇာမှာရှိသည့် ကျွန်ုပ်တို့၏ Auntie Anne's ဆိုင်ခွဲအသစ်ထံ လာရောက်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ သတ်မှတ်ထားသည့် F&B ဆိုင်ခွဲများတွင် ဝန်ထမ်းကဒ် (သို့) Yoma Connect ပြသပြီး ရိုးမဝန်ထမ်းများအတွက် အထူးထားရှိသည့် လျှော့ဈေးများကို ရယူနိုင်ပါတယ်။

